# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 1, Vol: 2/2026

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (အင်္ဂါနေ့)

## ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ FDI တိုးတက်မှု တန့်နေသော်လည်း ၂၀၂၆ခုနှစ်တွင် ပြန်လည်ဦးမော့လာရန် မျှော်မှန်း

စာမျက်နှာ ၁




## ကနေဒါ- တရုတ်ခေါင်းဆောင်များ အစည်းအဝေး၏ ပူးတွဲကြေညာချက် အဓိကအကြောင်းအရာများ

စာမျက်နှာ ၅




## တီထွင်ဆန်းသစ်မှုရှိသော ထိုင်းနိုင်ငံဖြစ်လာရန်အတွက် မူဝါဒ (၄) ရပ် ချမှတ်လုပ်ဆောင်

စာမျက်နှာ ၁၂




## ဗီယက်နမ်နိုင်ငံ၏နှစ်စဉ် စီးပွားရေး တိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းအထိ ရောက်ရှိပြီး အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ စံချိန်တင်ခဲ့

စာမျက်နှာ ၁၉



# သတင်းများ


| | | |
|---|---|---|
| ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ FDI တိုးတက်မှု တန့်နေသော်လည်း ၂၀၂၆ခုနှစ်တွင် ပြန်လည်ဦးမော့လာရန် မျှော်မှန်း | ဦးမျိုးခိုင်ဦး (UMO) | ၁ |
| ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ရန် အလားအလာရှိနေစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂရင်းလန်းကို ခြိမ်းခြောက်မှုသည် နိုဘယ်လ်ဆု မရရှိခဲ့ခြင်းနှင့် ဆက်စပ်နေကြောင်းပြောကြား | ဒေါက်တာခင်ဆွေဦး (UMO) | ၃ |
| ကနေဒါ- တရုတ်ခေါင်းဆောင်များ အစည်းအဝေး၏ ပူးတွဲကြေညာချက် အဓိကအကြောင်းအရာများ | ဒေါ်ဇင်မာမြင့် (DICA) | ၅ |
| တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် Trump ၏ အကောက်ခွန်တိုးမြှင့် ကောက်ခံမှုများ ကြားမှ အမေရိကန်ဒေါ်လာ ၁.၂ ထရီလီယံအထိ တင်ပို့နိုင်ခဲ့ | ဒေါ်တင်ဇာကျော် (UMO) | ၈ |
| ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ရိုက်ခတ်မှုများရှိ သော်လည်း စီးပွားရေးတိုးတက်မှု ဆက်လက်အားကောင်းမည်ဟု IMF အကြီးအကဲဆို | ဒေါ်အိသန္တာလွင် (UMO) | ၁၀ |
| တီထွင် ဆန်းသစ်မှုရှိသော ထိုင်းနိုင်ငံဖြစ်လာရန် အတွက် မူဝါဒ (၄) ရပ် ချမှတ်လုပ်ဆောင် | ဒေါ်ကျော့ကေခိုင် (DICA) | ၁၂ |
| အမေရိကန်နိုင်ငံသည် နိုင်ငံတကာ အဖွဲ့အစည်းများမှ နုတ်ထွက်မည်ဖြစ်ကြောင်း ထရမ့်က အိမ်ဖြူတော်၌ ပြောကြား | ဒေါ်ယမင်းသော် (FERD) | ၁၅ |
| တောင်ကိုရီးယားနိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်မြင့်တက် | ဒေါ် ပြုံးပြုံးရီ (FERD) | ၁၇ |

# သတင်းများ


| | | |
|---|---|---|
| အမေရိကန်နိုင်ငံ၏ အခွန်ကောက်ခံမှုများကြားမှ ဗီယက်နမ်နိုင်ငံ၏နှစ်စဉ် စီးပွားရေး တိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းအထိ ရောက်ရှိပြီး အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ စံချိန်တင်ခဲ့ | ဦးဝေယံထွဋ် (FERD) | ၁၉ |
| ဗင်နီဇွဲလား၏ ရေနံစိမ်းရောင်းချမှုကို အချိန်အကန့်အသတ်မရှိ ထိန်းချုပ်ရန် အမေရိကန်ပြည်ထောင်စု စီစဉ်နေ | ဦးအောင်မြင့်သန့် (FERD) | ၂၁ |
| အီရန်နိုင်ငံနှင့် စီးပွားရေးလုပ်ဆောင်နေသည့် နိုင်ငံအားလုံးမှ ကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်သွားမည်ဖြစ်ကြောင်း သမ္မတထရမ့် ပြောကြားခဲ့ | ဒေါ်ဆုရွှန်းလဲ့ခင် (FERD) | ၂၂ |
| ကနေဒါနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည်အခွန်များကို လျှော့ချကာ ကုန်သွယ်ရေး ပြန်လည်စတင် | ဒေါ်ထက်ထက်ဝင်း (UMO) | ၂၄ |

# ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ FDI တိုးတက်မှု တန့်နေသော်လည်း ၂၀၂၆ ခုနှစ်တွင် ပြန်လည်ဦးမော့လာရန် မျှော်မှန်း

၂၀၂၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) တိုးတက်မှုနှုန်းသည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ နှေးကွေးသွားပြီး တန့်နေခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သည့် တရားဝင်အချက်အလက်များ အရသိရသည်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုဝန်ကြီးကနိုင်ငံပိုင်ဓနအင်အားစုရန်ပုံငွေ (Sovereign Wealth Fund) ဖြစ်သော Danantara မှ တစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြန်လည်ရရှိလာရန် မျှော်လင့်ထားသည်။

ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် FDI ပမာဏမှာ ရူပီယာ ၉၀၀.၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၃.၄ ဘီလီယံ) ရှိခဲ့ပြီး ယခင်နှစ်ထက် ၀.၁% သာ တိုးတက်ခဲ့သည်။ ၎င်းသည် ၂၀၂၄ ခုနှစ်က ရရှိခဲ့သော ၂၁% တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက အလွန်အမင်း နှေးကွေးသွားခြင်းဖြစ်သည်။




သို့သော် စတုတ္ထသုံးလပတ်တွင် FDI သည် ယခင်နှစ် အလားတူ ကာလထက် ၄.၃% (ရူပီယာ ၂၅၆.၃ ထရီလီယံ) တိုးတက်လာခဲ့ရာ ၎င်းသည် သုံးလ ပတ်(၃)ခုအတွင်း ပထမဆုံးအကြိမ် ပြန်လည်တိုးတက် လာခြင်းဖြစ်သည်။ တတိယသုံးလပတ်တွင် ရင်းနှီးမြှုပ်နှံမှု ၈.၉% လျော့ကျခဲ့ရာမှ ယခုကဲ့သို့ ပြန်လည်တက်လာခြင်းဖြစ်သည်။ အဆိုပါ ကိန်းဂဏန်းများတွင် ဘဏ္ဍာရေးကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုများ မပါဝင်ပါ။

ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Rosan Roeslani က ကမ္ဘာ့စီးပွားရေး မရေရာမှုများရှိနေခြင်းနှင့် ဩဂုတ်လကုန်မှ စက်တင်ဘာလ ဆန်းပိုင်းအထိ အင်ဒိုနီးရှားမြို့ကြီးအချို့တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ရှိခဲ့သော်လည်း စတုတ္ထသုံးလပတ်တွင် ပြန်လည်ဦးမော့လာခြင်းမှာ မှတ်သားလောက်စရာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်တွင် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရာ၌ Danantara သည် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဟု ဝန်ကြီးကဆိုသည်။ ၎င်းက **“ဒီနှစ်မှာတော့ FDI ရော ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပါ အများကြီးပိုတိုးလာမယ်လို့ ကျွန်တော် အာမခံနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ Danantara နဲ့ ဖက်စပ်လုပ်ကိုင်နိုင်လို့ သူတို့အတွက် စွန့်စားရမှုတွေက ပိုပြီး တွက်ချက်ရလွယ်ကူသွားမှာ ဖြစ်လို့ပါ”** ဟု ပြောကြားခဲ့သည်။

သမ္မတ Prabowo Subianto သည် ယခုလက်ရှိ ၅% ခန့်ရှိသော စီးပွားရေးတိုးတက်မှုကို ၂၀၂၉ ခုနှစ်တွင် ၈% ရရှိစေရန် ရည်မှန်းချက်ဖြင့် Danantara ကို ဖေဖော်ဝါရီလတွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ Danantara သည် ကိုယ်တိုင် ရင်းနှီးမြှုပ်နှံနိုင်သလို နိုင်ငံခြားရန်ပုံငွေအဖွဲ့များ သို့မဟုတ် ကုမ္ပဏီများနှင့်လည်း ပူးတွဲရင်းနှီးမြှုပ်နှံနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံသည် သယံဇာတကြွယ်ဝသောနိုင်ငံဖြစ်သည်နှင့် အညီ ပြီးခဲ့သည့်နှစ် အနည်းငယ်အတွင်း သတ္တုတွင်းနှင့် သတ္တုသန့်စင်ခြင်း (Metal Refining) ကဏ္ဍများတွင် FDI များပြားခဲ့သည်။ ၎င်းမှာ ၂၀၂၀ ခုနှစ်တွင် နီကယ်ရိုင်း တင်ပို့မှု ပိတ်ပင်ခြင်းနှင့် ၂၀၂၃ ခုနှစ်တွင် အခြားတွင်းထွက်ပစ္စည်းများ တင်ပို့မှု ပိတ်ပင်ခြင်းတို့ကြောင့် ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားသို့ FDI အများဆုံး ဝင်ရောက်ခဲ့သော နိုင်ငံ/ဒေသများမှာ စင်ကာပူ၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြသည်။

Source: https://www.reuters.com/world/asia-pacific/indonesia-reports-01-rise-foreign-direct-investment-2025-2026-01-15/

ဦးမျိုးခိုင်ဦး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

## ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ရန် အလားအလာရှိနေစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂရင်းလန်းကို ခြိမ်းခြောက်မှုသည် နိုဘယ်လ်ဆု မရရှိခဲ့ခြင်းနှင့် ဆက်စပ်နေကြောင်းပြောကြား



ဥရောပနှင့် တင်းမာမှုများမြင့်တက်လာပြီး ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးစစ်ပွဲ ပြန်လည်ဖြစ်ပွားမည့် ခြိမ်းခြောက်မှုများရှိနေစဉ် ဒေါ်နယ်ထရန့်က ဂရင်းလန်း (Greenland) ကို ထိန်းချုပ်ရန် ၎င်း၏ ခြိမ်းခြောက်မှုများသည် နိုဘယ်လ်ငြိမ်းချမ်းရေးဆု မရရှိခဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိပါကြောင်းပြောကြားခဲ့ပါသည်။

၁၈-၁-၂၀၂၆ ရက်နေ့က နော်ဝေနိုင်ငံဝန်ကြီးချုပ် ဂျိုးနပ်စ်ဂါးစတိုး (Jonas Gahr Store)ထံ ပေးပို့ခဲ့သည့် ထူးခြားသည့် စာတို(Text Message) တစ်စောင်တွင် အမေရိကန်သမ္မတက ၎င်းအနေဖြင့် ဆုပေးရန်ငြင်းပယ်ခံခဲ့ရပြီးနောက်ပိုင်း ငြိမ်းချမ်းရေးကိုသာအလေးထား စဉ်းစားရန် တာဝန်ရှိသည်ဟု မခံစားရတော့ကြောင်း ရေးသားခဲ့ပါသည်။

အဆိုပါစာတိုတွင် **“ ကျွန်တော်ဟာ စစ်ပွဲပေါင်း ၈ ခုထက်မက (PLUS)ကို ရပ်တန့်ပေးခဲ့တာတောင် ခင်ဗျားတို့နိုင်ငံက ကျွန်တော့်ကို နိုဘယ်လ်ငြိမ်းချမ်းရေးဆုမပေးဖို့ ဆုံးဖြတ်ခဲ့တာကြောင့် ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးသက်သက်ကိုပဲ (အမြဲတမ်း) စဉ်းစားနေဖို့ တာဝန်ရှိတယ်လို့ မခံစားရတော့ပါဘူး”**ဟု ဖော်ပြထားပါသည်။

အမေရိကန်အနေဖြင့် အဆိုပါကျွန်းကို အပြည့်အဝနှင့် အလုံးစုံ ထိန်းချုပ်ခွင့် (Complete and Total Control) ရရှိရန် လိုအပ်ကြောင်းကိုလည်း ၎င်းစာတွင် ထပ်လောင်းဖော်ပြထားပါသည်။

ထို့အပြင် National Broadcasting Company (NBC) နှင့်ပြုလုပ်ခဲ့သော ဖုန်းအင်တာဗျူး တစ်ခု၌လည်း ကျွန်းကိုသိမ်းပိုက်ရန် စစ်အင်အားသုံးခြင်းကို ငြင်းပယ်ပါသလားဟု မေးမြန်းခဲ့ရာ ထရန့်က **“မှတ်ချက်မပေးလိုပါ (No Com-**

**ment)”** ဟု ဖြေကြားခဲ့ပါသည်။

ငင်းက ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်၊ နယ်သာလန်နှင့် ဖင်လန်နိုင်ငံတို့မှ တင်ပို့ကုန်များအပေါ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ၁၀ ရာခိုင်နှုန်း (နောက်ပိုင်းတွင် ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်မည့်) သွင်းကုန်ခွန် စည်းကြပ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး ၎င်း၏အစီအစဉ်ကို ဥရောပနိုင်ငံများက ဆန့်ကျင်နေမှုကို တုံ့ပြန်လိုက်ခြင်းပင်ဖြစ်ပါသည်။

ထရန့်က ဒိန်းမတ်သည် ဂရင်းလန်းကို ရုရှား သို့မဟုတ် တရုတ်တို့ရန်မှ မကာကွယ်နိုင်ကြောင်းပြောကြားကာ ဒိန်းမတ်၏ ပိုင်ဆိုင်မှုအပေါ်ကိုလည်း မေးခွန်းထုတ်ခဲ့ပြီး **“ ဒိန်းမတ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းရာချီက လှေအသေးလေးတစ်စင်းနဲ့ အဲဒီကို ရောက်လာပြီး ဒါဟာသူတို့ ပိုင်တယ်လို့ ပြောနေတာလား။ ကျွန်တော်တော့ အဲဒီလိုမထင်ဘူး။ ဘာစာရွက်စာတမ်း အထောက်အထားမှမရှိဘူး”**ဟု ပြောကြားခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် ထရန့်က ၎င်းသည် နေတိုး (NATO) အဖွဲ့အတွက် မည်သူထက်မဆို ပိုမိုလုပ်ဆောင်ပေးခဲ့ပြီးဖြစ်သောကြောင့် ယခုအခါ နေတိုးအနေဖြင့် အမေရိကန်အတွက်တစ်ခုခုပြန်လည် လုပ်ဆောင်ပေးသင့်ကြောင်းနှင့် ဂရင်းလန်းကို အမေရိကန်က အပြည့်အဝ ထိန်းချုပ်နိုင်မှသာ ကမ္ဘာကြီးသည် ဘေးကင်းမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

Source: https://www.theguardian.com/us-news/2026/jan/19/donald-trump-green land-threats-nobel-prize-snub-letter

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## ကနေဒါ- တရုတ်ခေါင်းဆောင်များ အစည်းအဝေး၏ ပူးတွဲကြေညာချက် အဓိကအကြောင်းအရာများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီချန်း (Li Qiang) ၏ ဖိတ်ကြားချက်အရ ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာမာ့ခ်ကာနေး (Mark Carney) သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်မှ ၁၇ ရက်အထိ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင် (Xi Jinping)သည် ဝန်ကြီးချုပ် ကာနေးနှင့် တွေ့ဆုံခဲ့ပါသည်။ ဝန်ကြီးချုပ်လီချန်းသည်လည်း ဝန်ကြီးချုပ်မာ့ခ်ကာနေးနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။

ထို့ပြင် တရုတ်နိုင်ငံအမျိုးသား ပြည်သူ့ကွန်ဂရက် (the National People's Congress of China) အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျောက်လေ့ကျီ (Zhao Leji)သည်လည်း ဝန်ကြီးချုပ်မာ့ခ်ကာနေးနှင့် တွေ့ဆုံခဲ့ပါသည်။ ခေါင်းဆောင်များသည် ကနေဒါ-တရုတ် ဆက်ဆံရေးအပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် လက်တွေ့ကျကျနှင့် အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။




ခေါင်းဆောင်များသည် ကနေဒါ - တရုတ် ဆက်ဆံရေးကို လမ်းညွှန်ပေးခဲ့သည့် မူဝါဒများနှင့် သဘောထားများကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ကနေဒါနိုင်ငံသည် တရုတ်နိုင်ငံ၏ ရေရှည်တည်တံ့သော **"တရုတ် တစ်နိုင်ငံတည်းမူဝါဒ"** (One China Policy)ကို ထပ်လောင်းအတည်ပြုခဲ့သည်။ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုအား အခြေခံ၍ ကနေဒါ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအသစ်ကို မြှင့်တင်ရန်နှင့် ပြည်သူနှစ်ရပ်လုံးအတွက် ပိုမိုကောင်းမွန်သောရလဒ်များ ဆောင်ကြဉ်းပေးရန်ကတိပြုခဲ့ကြသည်။

ခေါင်းဆောင်များသည် မကြာသေးမီက ပြုလုပ်ခဲ့သော နှစ်နိုင်ငံဆွေးနွေးပွဲ

များ၏ တိုးတက်မှုများကို ကြိုဆိုခဲ့ကြပြီး ကဏ္ဍအသီးသီးတွင် အတွေ့အကြုံဖလှယ်မှုများ အားကောင်းစေရန်နှင့် အောက်ပါကဏ္ဍများတွင် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ကတိပြုခဲ့ကြသည် -

- **မက်ခရိုစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု။** နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု အားကောင်းစေရန်အတွက် ကျယ်ပြန့်သော ကိစ္စရပ်များကို ဆွေးနွေးမည့် အဆင့်မြင့် ကနေဒါ-တရုတ် စီးပွားရေးနှင့် ဘဏ္ဍာရေး မဟာဗျူဟာမြောက် ဆွေးနွေးပွဲ (*Economic and Financial Strategic Dialogue,* EFSD) ကို ပြန်လည် အသက်သွင်းရန် ဆုံးဖြတ်ခဲ့ကြသည်။
- **စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု။** နှစ်နိုင်ငံ ကုန်သွယ်မှု တိုးချဲ့ရန်၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်နှင့် အကျိုးတူကဏ္ဍစုံတွင် ပူးပေါင်း ဆောင်ရွက်မှု နက်ရှိုင်းစေရန် ကတိပြုခဲ့ကြသည်။
- **စွမ်းအင်။** သန့်ရှင်းသောစွမ်းအင်ကဏ္ဍတွင် ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော သမရိုးကျ စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် သဘောတူခဲ့ကြသည်။ ဝန်ကြီးအဆင့် စွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲ (Ministerial Energy Dialogue) ကို စတင်ရန် ဆုံးဖြတ်ခဲ့ကြသည်။
- **ဘဏ္ဍာရေး။** ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ (Financial Working Group) ဖွဲ့စည်းခဲ့ပြီး တရုတ်ပြည်သူ့ဘဏ်နှင့် ကနေဒါဘဏ်တို့အကြား တရုတ်ယွမ်/ ကနေဒါဒေါ်လာ နှစ်နိုင်ငံ ငွေကြေးလဲလှယ်မှု အစီအစဉ် (Currency Swap Arrangement) ကို သက်တမ်း တိုးပြင်ဆင်သည့် တတိယ အကြိမ်မြောက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။
- **ပြည်သူ့လုံခြုံရေးနှင့် ဘေးကင်းရေး။** တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ကတိပြုခဲ့ကြသည်။
  - **ပြည်သူချင်း ထိတွေ့ဆက်ဆံမှုနှင့် ယဉ်ကျေးမှု ဖလှယ်ရေး။** ပြည်သူချင်း ထိတွေ့ ဆက်ဆံမှုသည်နှစ်နိုင်ငံဆက်ဆံရေး၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း သဘောတူခဲ့ကြပြီး ယဉ်ကျေးမှု၊ ပညာရေး၊ အနုပညာနှင့် အမွေအနှစ် ထိန်းသိမ်းရေး

ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ မီဒီယာများ အပြန်အလှန် အဆင်ပြေ ချောမွေ့စွာ လုပ်ကိုင်နိုင်ရေးနှင့် ခရီးသွားလာမှု လွယ်ကူစေရေးတို့အတွက် သဘောတူခဲ့ကြသည်။

- **နိုင်ငံစုံဝါဒ (Multilateralism)။** ကနေဒါနိုင်ငံသည် တရုတ်နိုင်ငံက အဆိုပြု ထားသော ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု အစီအစဉ်(Global Governance Initiative , GGI)ကို မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၆ ခုနှစ် အေပက် (The Asia-Pacific Economic Cooperation , APEC) အစည်းအဝေးများကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လည်းကောင်း၊ ၂၀၂၉ ခုနှစ်တွင် ကနေဒါက အိမ်ရှင်အဖြစ်လည်းကောင်း လက်ခံကျင်းပမည့် အပေါ် သဘောတူညီခဲ့ကြပါသည်။

ဝန်ကြီးချုပ် မာ့ခ်ကာနေးက တရုတ်အစိုးရနှင့် ပြည်သူများ၏ နွေးထွေးသော ဧည့်ဝတ် ကျေပွန်မှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံကလည်း သင့်လျော်သော အချိန်တွင် တရုတ်ခေါင်းဆောင်များ ကနေဒါနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားချက်ကို ကြိုဆိုခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှု ခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာ ၅ ခု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလမ်းပြမြေပုံ ၁ ခုနှင့် သဘောတူညီချက် ၁ ခုတို့ကို လက်မှတ်ရေးထိုးခဲ့ကြသည် -**

- ကနေဒါ တော်ဝင်ရဲတပ်ဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား ရာဇဝတ်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ။
- ခေတ်မီသစ်သား အဆောက်အအုံ တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ။
- ကနေဒါ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ။
- ကနေဒါ-တရုတ် ယဉ်ကျေးမှုဆိုင်ရာ ပူးတွဲကော်မတီ တည်ထောင်ရေး နားလည်မှု စာချွန်လွှာ။
- စားသောက်ကုန် ဘေးကင်းရေးနှင့် တိရစ္ဆာန်၊ အပင် ကျန်းမာရေးဆိုင်ရာ

ပူးပေါင်း ဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ။

- စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး နားလည်မှု စာချွန်လွှာ။
- Destination Canada နှင့် China Media Group တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်။

Source: https://www.pm.gc.ca/en/news/statements/2026/01/16/joint-statement-canada-china-leaders-meeting

ဒေါ်ဇင်မာမြင့်
ဒုတိယညွှန်ကြားရေးမှူး
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

**တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် Trump ၏ အကောက်ခွန်တိုးမြှင့် ကောက်ခံမှုများကြားမှ အမေရိကန်ဒေါ်လာ ၁.၂ ထရီလီယံအထိ တင်ပို့နိုင်ခဲ့**

သမ္မတဒေါ်နယ်ထရန့်၏ အခွန်နှုန်းတားများ အရှိန်အဟုန်မြင့်စွာ ထိုးစစ်ဆင်မှုအောက်တွင် အခြားနိုင်ငံများသို့ ပို့ကုန်များ တင်ပို့မှုနှေးကွေးသွားခြင်းကြောင့် တရုတ်၏ကုန်သွယ်မှု ပိုငွေတန်ဖိုးသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၂ ထရီလီယံနီးပါး စံချိန်တင်မြင့်တက်သွားကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။



တရုတ်ကားထုတ်လုပ်သူများနှင့် အခြားထုတ်လုပ်သူများ ကမ္ဘာတစ်ဝန်းရှိ ဈေးကွက်များသို့ ချဲ့ထွင်လာသောကြောင့် တရုတ်နိုင်ငံ၏ သွင်းကုန်သည် ဒေါ်လာ ၂.၅၈ ထရီလီယံ ရှိခဲ့ပြီး ပို့ကုန်သည် ယမန်နှစ် တစ်နှစ်ပတ်လုံးအတွက် ၅.၅% မြင့်တက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၃.၇၇ ထရီလီယံအထိ မြင့်တက်လာခဲ့ကြောင်း အကောက်ခွန်ဆိုင်ရာ အချက်အလက်များက ဖော်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်အတွက် ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၉၉၂ ဘီလီယံကျော်ရှိခဲ့သည်။

## ထရန့်သည် တရုတ်ခေါင်းဆောင်နှင့် တွေ့ဆုံပြီးနောက် အခွန်များဖြတ်တောက်ခဲ့

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၏ ပို့ကုန်သည် ဒေါ်လာဈေးအရ ယခင်နှစ်ကထက် ၆.၆ ရာခိုင်နှုန်း တက်လာခဲ့ပြီး စီးပွားရေး ပညာရှင်များ၏ ခန့်မှန်းချက်ထက် တစ်ဆထက်တစ်ဆ ပိုမိုကောင်းမွန်လာကာ နိုဝင်ဘာလ၏ ၅.၉ ရာခိုင်နှုန်းထက် တိုးမြင့်လာခဲ့သည်။ သွင်းကုန်များသည် ဒီဇင်ဘာလတွင် ၅.၇% ထိ တိုးမြင့်လာခဲ့ပြီး နိုဝင်ဘာလသွင်းကုန် ၁.၉% နှင့် နှိုင်းယှဉ်ပါက တစ်ဆထက်တစ်ဆ တိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် ပထမဆုံးအကြိမ်အဖြစ် နိုဝင်ဘာလတွင် ဒေါ်လာ ၁ ထရီလျံသို့ ကျော်လွန်သွားခဲ့ပြီး ပြီးခဲ့သည့်နှစ် ပထမ ၁၁ လတွင် ဒေါ်လာ ၁.၀၈ ထရီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့သည်။

ကုန်သွယ်ရေး ပွတ်တိုက်မှုနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများကြားမှ တရုတ်နိုင်ငံ၏ ပို့ကုန်များသည် ယခုနှစ်အတွင်း စီးပွားရေးကို ဆက်လက်ပံ့ပိုး ပေးနိုင်မည်ဟု စီးပွားရေးပညာရှင်များက မျှော်လင့်ထားသည်။

BNP Paribas မှ တရုတ်စီးပွားရေးပညာရှင်အကြီးအကဲ Jacqueline Rong က **“တရုတ်နိုင်ငံ၏ တင်ပို့မှုသည် ၂၀၂၆ ခုနှစ်တွင် ကြီးမားသော တိုးတက်မှု တွန်းအားတစ်ခုအဖြစ် လုပ်ဆောင်နိုင်မယ်”**ဟု ဆက်လက်မျှော်လင့်ထားကြောင်း ပြောကြားခဲ့ပါသည်။

ထရန့်ရာထူးမှပြန်တက်လာပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနှင့် ကုန်သွယ်ရေးစစ်ပွဲ အရှိန်မြင့်ပြီးနောက် တရုတ်က တောင်အမေရိက၊ အရှေ့တောင် အာရှ၊ အာဖရိကနှင့် ဥရောပရှိ အခြားဈေးကွက်များသို့ တင်ပို့ရောင်းချမှုများကြောင့် ယမန်နှစ်က အမေရိကန်သို့ တရုတ်၏ တင်ပို့မှု သိသိသာသာ ကျဆင်းသွားခဲ့သည်။

၂၀၂၅ ခုနှစ် တစ်နှစ်လုံးအတွက် တရုတ်၏ အမေရိကန်သို့ တင်ပို့မှုသည် ၂၀% ကျဆင်းသွားသော်လည်း အာဖရိကသို့ တင်ပို့မှုမှာ ၂၆% တိုးတက်လာခဲ့သည်။ ၎င်းအပြင် အရှေ့တောင်အာရှနိုင်ငံများသို့ ၁၃%၊ ဥရောပသမဂ္ဂသို့ ၈% နှင့် လက်တင် အမေရိကသို့ ၇ % တင်ပို့ခဲ့သည်။

ကွန်ပြူတာ ချစ်ပ်များနှင့် အခြားသော စက်ပစ္စည်းများနှင့် ဆက်စပ်သော ပစ္စည်းများ၏ ကမ္ဘာ့ဝယ်လိုအားခိုင်မာမှုသည် တရုတ်နိုင်ငံ၏ ပို့ကုန်ကို ပံ့ပိုး

ပေးသည့် အမျိုးအစားများထဲတွင်ပါဝင်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် မော်တော်ကား တင်ပို့မှုသည်လည်း မြင့်တက်လာခဲ့သည်။

ပြင်သစ် ရင်းနှီးမြှုပ်နှံမှုဘဏ် Natixis မှ အကြီးတန်းစီးပွားရေးပညာရှင် Gary Ng က တရုတ်နိုင်ငံ၏ ပို့ကုန်သည် ယခုနှစ်တွင် ၂၀၂၅ ခုနှစ်၏ ၅.၅% တိုးတက်မှုအောက် လျော့နည်းပြီး ၃% ခန့်သာ တိုးလာနိုင်မည်ဟု ခန့်မှန်းထားသည်။ သွင်းကုန်တိုးတက်မှု နှေးကွေးသဖြင့် တရုတ်၏ ကုန်သွယ်မှုပိုငွေသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ထရီလီယံ အထက်တွင်ရှိနေမည်ဟု မျှော်မှန်းထားကြောင်း ၎င်းကပြောကြားခဲ့သည်။

Source: https://www.npr.org/2026/01/14/nx-s1-5677029/chinas-trade-surplus-surges-1-2-trillion-trump-tariffs

ဒေါ်တင်ဇာကျော်
ဒုတိယညွှန်ကြားရေးမှူး
e– Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ရိုက်ခတ်မှုများရှိသော်လည်း စီးပွားရေးတိုးတက်မှု ဆက်လက်အားကောင်းမည်ဟု IMF အကြီးအကဲဆို

ကမ္ဘာတစ်ဝန်းတွင် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများနှင့် ထိုးနှက်ချက်များ ရှိနေသော်လည်း ကမ္ဘာ့စီးပွားရေးသည် ဆက်လက်ကြံ့ကြံ့ခံနိုင်ရည် ရှိနေပြီး အားကောင်းသော တိုးတက်မှုနှုန်းကို ပြသမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ မန်နေဂျင်း ဒါရိုက်တာ Kristalina Georgieva က ပြောကြားလိုက်သည်။

ယူကရိန်းနိုင်ငံသို့ ရောက်ရှိနေသည့် Georgieva က IMF ၏ နောက်ဆုံး စီးပွားရေး အလားအလာ အစီရင်ခံစာတွင် ခန့်မှန်းချက်များကို အနည်းငယ် တိုးမြှင့်သတ်မှတ်သွားနိုင်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်၏ အခွန်တိုးမြှင့်မှု (Tariffs)များက စီးပွားရေးအပေါ် သက်ရောက်မှု ပြင်းထန်ခြင်းမရှိသောကြောင့် ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ GDP တိုးတက်မှုကို ၃.၀

ရာခိုင်နှုန်းရှိရာမှ ၃.၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်မှန်းခဲ့ပြီး၊ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေး အလားလာကိုမူ ၃.၁ ရာခိုင်နှုန်းအဖြစ် မပြောင်းလဲဘဲ ဆက်လက်ထားရှိခဲ့သည်။

**“ကမ္ဘာ့စီးပွားရေးသည် သိသိသာသာကို ခံနိုင်ရည်ရှိနေပြီး၊ ကုန်သွယ်ရေး ရိုက်ခတ်မှုများသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှောင်းနှေးခြင်းမရှိကြောင်း၊ လက်ရှိအနေဖြင့် အတော်အတန် အားကောင်းနေပေမယ့် စိုးရိမ်ဖွယ်ရာ အခြေအနေ မရှိကြောင်း”** Georgieva က ဆိုပါသည်။

သို့သော်လည်း ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် နည်းပညာအပြောင်းအလဲများသည် စီးပွားရေးအရ စိုးရိမ်ရမည့် အချက်များဖြစ်ကြောင်း၊ အထူးသဖြင့် ဉာဏ်ရည်တု (AI) နည်းပညာတွင် ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား လုပ်ဆောင်သော်လည်း ထုတ်လုပ်မှုစွမ်းအား သိသိသာသာ တိုးတက်မလာပါက ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်း ဖြစ်ပေါ်လာနိုင်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။




လက်ရှိတွင် IMF သည် နိုင်ငံပေါင်း ၅၀ ကို ချေးငွေထုတ်ပေးထားပြီး ၎င်းမှာ သမိုင်းဝင် စံချိန်တင်မြင့်မားသော အရေအတွက် ဖြစ်သော်လည်း ရန်ပုံငွေ လာရောက်တောင်းခံမည့် နိုင်ငံများပိုမိုများပြား လာနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ထားကြောင်း၊ နိုင်ငံအတော်များများမှာ ဖြစ်ပေါ်လာနိုင်သည့် ရိုက်ခတ်မှုအသစ်များကို ရင်ဆိုင်ရန်အတွက် လုံလောက်သော အရန်ငွေကြေးများတည်ဆောက်ရန် ပျက်ကွက်နေခြင်းအပေါ် စိုးရိမ်မိကြောင်း Georgieva က ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်တွင် သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့နိုင်ငံတိုင်းနီးပါးအပေါ် အခွန်များစွာ ကောက်ခံခဲ့သော်လည်း အမေရိကန်၏ စီးပွားရေးစွမ်းဆောင်ရည်မှာ **“အထင်ကြီးစရာ”** ဖြစ်ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

အမေရိကန်၏ အခွန်တိုးမြှင့်မှုနှုန်းထားများသည် ခြိမ်းခြောက်ခံခဲ့ရသည့်

အဆင့်ထက် နည်းပါးနေခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အမေရိကန်၏ပါဝင်မှုမှာ ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းခန့်သာ ရှိခြင်းတို့ကြောင့် သက်ရောက်မှုမှာ အကန့်အသတ်ဖြင့်သာရှိနေကြောင်း၊ ထို့အပြင် အခြားနိုင်ငံအများစု အနေဖြင့်လည်း အမေရိကန်၏ အခွန်တိုးမြှင့်မှုအပေါ် တုံ့ပြန်သည့် အခွန်ကောက်ခံမှုများကို ယခုအချိန်အထိ ရှောင်ကြဉ်နေကြခြင်းသည် ကမ္ဘာ့စီးပွားရေးအပေါ် ထိုးနှက်ချက်မပြင်းထန်စေရန် အထောက်အကူဖြစ်စေခဲ့သည်ဟု ၎င်းက ရှင်းပြခဲ့ပါသည်။

သို့သော်လည်း ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေများ ပိုမိုဆိုးရွားလာပါက ငွေကြေးဖောင်းပွမှုနှင့် အခြေခံစီးပွားရေး အခြေအနေများမှာ ယခုထက် ပိုမိုကျဆင်းသွားနိုင်ကြောင်းလည်း ၎င်းက သတိပေးခဲ့ပါသည်။

Source: https://m.economictimes.com/news/international/world-news/imfs-growth-forecasts-to-show-resilience-to-global-trade-shocks-georgieva-says/amp_articleshow/126555388.cms?utm_source=chatgpt.com

ဒေါ် အိသန္တာလွင်
ဦးစီးအရာရှိ
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## တီထွင်ဆန်းသစ်မှုရှိသော ထိုင်းနိုင်ငံဖြစ်လာရန်အတွက် မူဝါဒ (၄) ရပ် ချမှတ်လုပ်ဆောင်

ထိုင်းအမျိုးသားတီထွင်ဆန်းသစ်မှုအေဂျင်စီ (NIA) သည် ထိုင်းနိုင်ငံကို အနာဂတ်တွင် တီထွင်ဆန်းသစ်မှုရှိသော နိုင်ငံတစ်ခုအဖြစ်ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိရာ ယခုနှစ်အတွက် မူဝါဒ ၄ ရပ်ကို ချမှတ်ခဲ့သည်။ အဆိုပါမူဝါဒများတွင် တီထွင်ဆန်းသစ်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်း၊ ကဏ္ဍအသီးသီးကြားချိတ်ဆက်မှုများကို အားကောင်းစေခြင်း၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့်ကျွမ်းကျင်မှုများကို မြှင့်တင်ခြင်းတို့ ပါဝင်သည်။

အေဂျင်စီ၏ ပထမမူဝါဒသည် တီထွင်ဆန်းသစ်မှုဆိုင်ရာ စီးပွားရေး

လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန် အဓိကထားပြီး၊ ကနဦးစွန့်ဦးတီထွင် လုပ်ငန်းများအတွက် ထောက်ပံ့ငွေပေးခြင်းနှင့် တိုးချဲ့လုပ်ကိုင်သည့်လုပ်ငန်းများ အတွက် ပူးတွဲရင်းနှီးမြှုပ်နှံမှု အစီအစဉ်များအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ပံ့ပိုးပေးခြင်း၊ စွန့်ဦးတီထွင်သည့် လုပ်ငန်များအတွက် ရန်ပုံငွေ ရှာဖွေခြင်းကို ပံ့ပိုးရန်အတွက် ကော်ပိုရိတ်ပူးတွဲရန်ပုံငွေ၊ အများပြည်သူစွန့်ဦးတီထွင် လုပ်ငန်းယန္တရားများ၊ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ချိတ်ဆက်မှုအစီအစဉ်များနှင့် အမြတ်ခွန် ကင်းလွတ်ခွင့်များ လုပ်ဆောင်ပေးမည်ဖြစ်သည်။

ဒုတိယမူဝါဒအနေဖြင့် အေဂျင်စီသည် တီထွင်ဆန်းသစ်မှုဆိုင်ရာ ချိတ်ဆက်မှုများ၊ ပညာရေးနယ်ပယ်နှင့် စက်မှုကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် သုတေသနရလဒ်များကို အရှိန်မြှင့်တင်ရေး အစီအစဉ်များမှ တစ်ဆင့် လက်တွေ့အသုံးချနိုင်သော လုပ်ငန်းအဖြစ် ပြောင်းလဲရန်အတွက် တီထွင် ဆန်းသစ်မှုဇဟိုဌာနများ၊ ပလက်ဖောင်းများ၊ အခွန်ဆိုင်ရာလျှော့ဆော်မှု များနှင့် မူပိုင်ခွင့်အခြေပြုဘဏ္ဍာရေး ဝန်ဆောင်မှုကဲ့သို့သော အနာဂတ်အစီအစဉ်များကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။

တတိယမူဝါဒအနေဖြင့် အမျိုးသားတီထွင် ဆန်းသစ်မှုအေဂျင်စီ (NIA) သည် ဒေသတွင်း တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစီးပွားရေးနှင့် လူနေမှုဘဝတိုးတက်ရန်အတွက် ပွင့်လင်းမြင်သာသောတီထွင်ဆန်းသစ်မှု၊ မြို့ပြနှင့် လူမှုအသိုက်အဝန်း စိန်ခေါ်မှုများနှင့် လူမှုရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုရှိသော ကျေးရွာအစီအစဉ်တို့ကို ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်။

နောက်ဆုံးမူဝါဒအနေဖြင့် အေဂျင်စီသည် တီထွင်ဆန်းသစ်လိုသော စိတ်ဓာတ်များ၊ နည်းပညာနှင့် စီးပွားရေးကျွမ်းကျင်မှုများ၊ စွန့်ဦးတီထွင် အတွေး အခေါ်များနှင့် နိုင်ငံတကာအဆင့်အထိ ယှဉ်ပြိုင်နိုင်မှုကို လေ့ကျင့်ပျိုးထောင် ခြင်းဖြင့် အမျိုးသားအဆင့်တီထွင်ဆန်းသစ်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့သည့် အဓိကအချက်များတွင် ဉာဏ်ရည်တု နည်းပညာ၏ လျင်မြန်စွာတိုးတက်မှုများ၊ ဒေသများစွာတွင် ပြင်းထန်လာသော ပထဝီနိုင်ငံရေးတင်းမာမှုများ၊ ကုန်သွယ်မှု

မညီမျှခြင်းနှင့် အခွန်စည်းကြပ်မှုဆိုင်ရာများပါဝင်ကြောင်းနှင့် အဆိုပါအနှောင့်အယှက်များနှင့် မရေရာမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တီထွင်ဆန်းသစ်မှုသည် အရေးပါသော အခန်းကဏ္ဍအဖြစ်ရှိနေသည်ဟု အမျိုးသားတီထွင်ဆန်းသစ်မှုအေဂျင်စီ (NIA) အမှုဆောင်ဒါရိုက်တာ Krithpaka Boonfueng က ပြောကြားခဲ့သည်။




တီထွင် ဆန်းသစ်မှုရှိသည့် နိုင်ငံ တစ်နိုင်ငံတွင် ခိုင်မာသော စီးပွားရေး အခြေအနေနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး၊ ယင်းသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ အကြား ဟန်ချက်ညီညီ ပူးပေါင်း ရင်းနှီးမြှုပ်နှံမှုအပြင် GDP ၏ ရာခိုင်နှုန်းအလိုက် သိသာထင်ရှားသည့် သုတေသနနှင့် ဖွံ့ဖြိုးရေး (R&D) အသုံးစရိတ်တို့ အပေါ်တွင်မူတည်ကြောင်း Ms Krithpaka က ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ ပြီးခဲ့သည့်နှစ်သုတေသနနှင့်ဖွံ့ဖြိုးရေး (R&D) အသုံးစရိတ်သည် GDP ၏ ၀.၈ ရာခိုင်နှုန်းသာရှိခဲ့ပြီး ယခင်နှစ်ထက် အနည်းငယ်လျော့နည်းသွားသည်။ ထိုပြောင်း လဲမှုအတွက် အစိုးရ၏မူဝါဒတွင် ညှိနှိုင်းဆောင်ရွက်မှုတစ်ခု လိုအပ်ကြောင်း၊ ယင်းမှာ ပုဂ္ဂလိကနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် ခိုင်မာသော မက်လုံးများပေး၍ ထိရောက်စွာ မြှင့်တင်ပေးခြင်းအပြင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတွင် အစဉ်တစိုက်ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေး လုပ်ဆောင်ခြင်းများ ပါဝင်သည်ဟု သူမက ပြောကြားခဲ့သည်။

အမျိုးသားတီထွင်ဆန်းသစ်မှုအေဂျင်စီ (NIA)သည် ထိုင်းနိုင်ငံကို တီထွင်ဆန်းသစ်မှုဖြင့် မောင်းနှင်သောစီးပွားရေးအဖြစ် ပြောင်းလဲရန်အတွက် အစပျိုးစီးပွားရေးလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုကို အခြေခံသည့် စွန့်ဦးတီထွင်သူများကို အဓိကရည်ရွယ်ထားကြောင်း Ms Krithpaka က ပြောကြားခဲ့သည်။

ယခုကဲ့သို့ပြောင်းလဲနိုင်ရန်အတွက် ရည်မှန်းချက် ၃ ရပ်မှတစ်ဆင့် စီးပွားရေးတိုးတက်မှုကို မောင်းနှင်ရန် စက်မှုလုပ်ငန်းအသစ်များ ဖန်တီးရန်လိုအပ်ကြောင်း

သူမကပြောကြားခဲ့ပြီး ၎င်းတို့မှာ ပံ့တူကူးရန် ခက်ခဲသော အဆင့်မြင့်နည်းပညာများကို အခြေခံသည့် တီထွင်ဆန်းသစ်မှုများကို ဖော်ဆောင်ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ယဉ်ကျေးမှုကိုအခြေခံသည့် တန်ဘိုးမြင့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖန်တီးခြင်းနှင့် လျင်မြန်သော နည်းပညာပြောင်းလဲမှုနှင့် အလုပ်သမားဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားထုအတွက် ပြင်ဆင်ခြင်းတို့ဖြစ်သည်။

အမျိုးသားတီထွင်ဆန်းသစ်မှုအေဂျင်စီ (NIA) သည် တီထွင်ဆန်းသစ်မှု၏ ဦးဆောင် အဖြစ်နှင့် တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကာ ပြည်တွင်းပြည်ပမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း Ms Krithpaka က ပြောကြားခဲ့သည်။

Source: https://www.bangkokpost.com/business/general/3173583/agency-outlines-4-policies-for-an-innovation-nation

ဒေါ်ကျော့ကေခိုင်
အငယ်တန်းစာရေး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## အမေရိကန်နိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများမှ နုတ်ထွက်မည်ဖြစ်ကြောင်း ထရမ့်က အိမ်ဖြူတော်၌ ပြောကြား

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်၏ အမျိုးသားအကျိုးစီးပွားနှင့် ဆန့်ကျင်ဘက် လုပ်ဆောင်နေသော ကုလသမဂ္ဂမဟုတ်သောအဖွဲ့အစည်း ၃၅ ခုနှင့် ကုလသမဂ္ဂအဖွဲ့အစည်း ၃၁ ခုမှ နုတ်ထွက်ကြောင်း ကြေညာချက်ကို ဇန်နဝါရီလ ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရပါသည်။

အဆိုပါ အဖွဲ့အစည်းများတွင် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဖိုရမ်၊ အပြည်ပြည်ဆိုင်ရာစွမ်းအင်ဖိုရမ်၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတည်ထောင်မှုရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂနိုင်ငံတကာ ကုန်သွယ်ရေးစင်တာတို့

ပါဝင်သည်။ ထိုအဖွဲ့အစည်းများသည် အမေရိကန် အချုပ်အခြာအာဏာနှင့် စီးပွားရေးအားကောင်းမှုတို့နှင့် ဆန့်ကျင်သော အစွန်းရောက် ရာသီဥတုမူဝါဒများ၊ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုနှင့် အယူဝါဒဆိုင်ရာအစီအစဉ်များကို မြှင့်တင်နေကြောင်း ထရမ့်က ပြောကြားခဲ့ပါသည်။

အမေရိကန်၏ ထိုအဖွဲ့အစည်းများမှ နုတ်ထွက်ရန် ကြေညာချက်သည် ၎င်းကိုယ်တိုင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင် လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ အစိုးရဆိုင်ရာ အဖွဲ့အစည်းများ၊ ကွန်ဗင်းရှင်းများနှင့် စာချုပ်များ အားလုံးကို ပြန်လည်သုံးသပ်ခြင်း၏ ရလဒ်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။



အဆိုပါ နုတ်ထွက်ခြင်းသည် အမေရိကန်၏ ဦးစားပေးမှုများ အတွက် မဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်များကို ရှေ့တန်းတင်သည့် အဖွဲ့အစည်း များတွင် ပါဝင်ပတ်သက်မှုနှင့် အမေရိကန် အခွန်ထမ်း များ၏ ရန်ပုံငွေထောက်ပံ့မှုတို့ကို အဆုံး သတ်စေမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမေရိကန် အခွန်ထမ်းများ၏ ငွေကြေးများကို သက်ဆိုင်ရာအဖွဲ့များသို့ ထောက်ပံ့ပေးရန်အတွက် အခြားနည်းလမ်း များဖြင့် ခွဲဝေသတ်မှတ်ပေးရန် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသည့် အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်မှုကို အဆုံးသတ်ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့ပြီး ထိုကိစ္စနှင့် စပ်လျဉ်း၍ အသေးစိတ်မေးမြန်းမှုများ အပေါ် တုံ့ပြန်ခဲ့ခြင်းမရှိခဲ့ပေ။

ထရမ့်သည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် သမ္မတအဖြစ် ၎င်း၏ဒုတိယ သက်တမ်းကို စတင်ထမ်းဆောင်ချိန်မှစ၍ ကုလသမဂ္ဂအတွက် အမေရိကန် ရန်ပုံ ငွေကို လျှော့ချရန် ကြိုးပမ်းခဲ့ခြင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် အမေရိကန်၏ ဆက်ဆံရေးကို ရပ်တန့်ခဲ့ခြင်းတို့အပြင် ပါလက်စတိုင်း ကယ်ဆယ် ရေးအေဂျင်စီအတွက် ရန်ပုံငွေ ထောက်ပံ့မှုကို ရပ်ဆိုင်းခဲ့ပြီး ကုလသမဂ္ဂယဉ်ကျေးမှု ဆိုင်ရာအေဂျင်စီဖြစ်သည့် ယူနက်စကို (UNESCO) မှလည်း နုတ်ထွက်ခဲ့ပါသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် ပါရီရာသီဥတုသဘောတူညီချက်မှ နုတ်ထွက်ရန် အစီအစဉ်များကိုလည်း ထရမ့်ကကြေညာခဲ့ပါသည်။

Source: https://www.channelnewsasia.com/world/trump-withdraw-us-dozens-international-organisations-un-5837781

ဒေါ်ယမင်းသော်
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## တောင်ကိုရီးယားနိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်မြင့်တက်

သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော (Eco-friendly) မော်တော်ယာဉ်များအပေါ် ဝယ်လိုအားမြင့်မားမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့က ထုတ်ပြန်သည့် အစိုးရအချက်အလက်များအရ သိရှိရပါသည်။ ၂၀၂၅ ခုနှစ်တွင် မော်တော်ယာဉ်တင်ပို့မှုသည် ယခင်နှစ်ထက် ၁.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၁.၉၉ ဘီလီယံ အထိ ရောက်ရှိကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ အထိ ၃ နှစ်ဆက်တိုက် ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့် အရင်းအမြစ်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။




ယခုကဲ့သို့ စံချိန်တင် တင်ပို့နိုင်ခြင်းမှာ Eco-friendly ဖြစ်သော ဆီဒင်ကား များအပေါ် ဝယ်လိုအား မြင့်မားခြင်းကြောင့်ဖြစ်ပြီး ယင်းကား အမျိုးအစား တင်ပို့မှုသည် ပြီးခဲ့သည့် နှစ်တွင် ၁၁ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်

ဒေါ်လာ ၂၅.၇၇ ဘီလီယံ အထိရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံသို့ မော်တော်ယာဉ် တင်ပို့မှုသည် အမေရိကန်၏ အခွန်စည်းကြပ်မှုကြောင့် ၁၃.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀.၁၅ ဘီလီယံသို့ ရောက်ရှိခဲ့ပါသည်။ သို့သော် ဥရောပသမဂ္ဂ (EU)နှင့် အာရှဒေသများသို့ တင်ပို့မှုများသည် ပြီးခဲ့သည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈.၀၆ ဘီလီယံနှင့် ၅.၈၈ ဘီလီယံ အသီးသီး ရှိခဲ့ပါသည်။

၂၀၂၅ ခုနှစ်အတွင်း ပြည်ပသို့တင်ပို့ခဲ့သည့် မော်တော်ယာဉ် အရေအတွက်မှာ ၂,၇၃၆,၃၀၈ စီး ရှိခဲ့ပြီး ယခင်နှစ်ထက် ၁.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ မော်တော်ယာဉ် အစိတ်အပိုင်းများ တင်ပို့မှုသည် ၅.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၁.၂၀ ဘီလီယံ အထိရှိခဲ့ပါသည်။ ပြည်တွင်းစက်ရုံများ၌ ထုတ်လုပ်သည့် မော်တော်ယာဉ် အရေအတွက်သည် ပြီးခဲ့သည့်နှစ်တွင် ၄,၁၀၁,၉၉၂ စီး ရှိခဲ့ပြီး ၀.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ၃ နှစ်ဆက်တိုက် အစီးရေ ၄ သန်း ကျော် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပြည်တွင်း၌ ထုတ်လုပ်သော မော်တော်ယာဉ်များနှင့် ပြည်ပမှ တင်သွင်းသော မော်တော်ယာဉ်များ အပါအဝင် ၂၀၂၅ ခုနှစ် အတွင်း ပြည်တွင်း၌ မော်တော်ယာဉ် ရောင်းချရမှု စုစုပေါင်းမှာ ၁,၆၈၀,၁၁၀ စီး ရှိခဲ့ပြီး ယခင်နှစ်ထက် ၃.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

Source– https://english.news.cn/20260115/c91f6a07e29e45eaa13fd65af1d7089e/c.html

ဒေါ်ပြုံးပြုံးရီ
ဦးစီးအရာရှိ
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အမေရိကန်နိုင်ငံ၏ အခွန်ကောက်ခံမှုများကြားမှ ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ် စီးပွားရေး တိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းအထိ ရောက်ရှိပြီး အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ စံချိန်တင်ခဲ့

အမေရိကန်နိုင်ငံ၏ သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံမှုများ ရှိနေသော်လည်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ကဏ္ဍ အားကောင်းမှု ကြောင့် ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အစိုးရ၏ ကနဦးအချက်အလက်များအရ သိရှိရပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်ထက် ပိုမိုမြန်ဆန်သည့် တိုးတက်မှုနှုန်း အဖြစ် ရောက်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်သည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုတွင်လည်း နှစ်စဉ်ကုန်သွယ်မှု ပိုငွေသည် အမြင့်ဆုံးအဖြစ် စံချိန်တင်နိုင်ခဲ့ပါသည်။

အမေရိကန်နိုင်ငံသို့ ပို့ကုန်အများဆုံး တင်ပို့နေသည့် နိုင်ငံများမှ တစ်နိုင်ငံ ဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်ရေး သဘောတူညီချက်အသစ်အတွက် အမေရိကန်နိုင်ငံနှင့် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ဗီယက်နမ် နိုင်ငံ၏ ကြီးမားသော ကုန်သွယ်မှုအားသာချက်များကို လျှော့ချနိုင်ရန်အတွက် ထရန့်အစိုးရသည် ဗီယက်နမ် ကုန်ပစ္စည်းများအပေါ် ၂၀ ရာခိုင်နှုန်း အခွန် စည်းကြပ် ခဲ့သော်လည်း ဗီယက်နမ်နိုင်ငံအနေဖြင့် ယင်းအခြေအနေကို အောင်မြင်စွာ ကျော်လွှား နိုင်ခဲ့ပါသည်။




အချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း ပို့ကုန်သည် ၁၇ ရာခိုင်နှုန်း တိုးတက် လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၇၅ ဘီလီယံခန့် ရှိခဲ့ပါသည်။ ၎င်းတွင် အမေရိကန် နိုင်ငံသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၅၃ ဘီလီယံ အထိရှိခဲ့ပြီး ၂၀၂၄ ခုနှစ်က စံချိန်တင်ခဲ့သော ၁၁၉.၅ ဘီလီယံထက် သိသိသာသာ ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ထိုအခြေ အနေကြောင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေသည် ယခင်က မရှိခဲ့ဖူးသော အမေရိကန်ဒေါ်လာ ၁၃၄ ဘီလီယံနီးပါးအထိ ရောက်ရှိခဲ့ပါသည်။

၎င်းသည် ၂၀၂၄ ခုနှစ် အမြင့်ဆုံး စံချိန်ထက်များစွာ ပိုမိုမြင့်မားနေကြောင်း တွေ့ရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် အီလက်ထရောနစ်၊ အထည်အလိပ်၊ ဖိနပ်နှင့် အခြားကုန်ပစ္စည်းများအတွက် ကမ္ဘာ့ထောက်ပံ့ရေး ကွင်းဆက်တွင်အရေးပါသော အခန်းကဏ္ဍ၌ ရှိနေပါသည်။ Samsung, Apple နှင့် Nike ကဲ့သို့သော နိုင်ငံတကာ ကုမ္ပဏီကြီးများသည် ၎င်းတို့၏ ထုတ်ကုန်များကို ဗီယက်နမ်နိုင်ငံတွင် လာရောက်တပ်ဆင်ကြပြီး အစိတ်အပိုင်းများနှင့် ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ တင်သွင်းကာ ဗီယက်နမ်၏ အဓိကဈေးကွက်ဖြစ်သော အမေရိကန်နိုင်ငံသို့ ပြန်လည် တင်ပို့လျက်ရှိပါသည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံသို့ တရုတ်ကုန်ပစ္စည်းများ တင်သွင်းမှုသည်လည်း ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၄.၂ ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၆ ဘီလီယံဖြင့် စံချိန်တင်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း အချက် အလက်များအရ သိရှိရပါသည်။

ထရန့်အစိုးရက ဗီယက်နမ်နိုင်ငံအား တရုတ်ကုန်ပစ္စည်းများကို အမေရိကန်နိုင်ငံသို့ လွှဲပြောင်းတင်ပို့သည့် ကြားခံနေရာ (Transshipment Hub) အဖြစ် စွပ်စွဲခဲ့ပြီး ထိုသို့ တရားမဝင် လွှဲပြောင်းတင်ပို့သည့် ကုန်ပစ္စည်းများအပေါ် အမေရိကန်နိုင်ငံက ၄၀ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်သွားမည် ဖြစ်သော်လည်း အိမ်ဖြူတော်အနေဖြင့် တရားမဝင် ကုန်စည်လွှဲပြောင်းရောင်းချမှုဟု သတ်မှတ်နိုင်သည့် စံနှုန်းများကို မဖော်ပြရသေးပေ။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၈.၀၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၄ ခုနှစ်က ၇.၀၉ ရာခိုင်နှုန်းထက် မြင့်တက်လာခဲ့ပါသည်။ ဩဂုတ်လမှစ၍ အမေရိကန်နိုင်ငံက စည်းကြပ်ခဲ့သော သွင်းကုန်ခွန်များသာမက ၂၀၂၅ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသော ရေကြီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည်  ထိခိုက်ဆုံးရှုံးမှုများ မရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

ဗီယက်နမ်နိုင်ငံ၏အစိုးရအနေဖြင့် ယမန်နှစ်က၂၀၂၅ ခုနှစ်အတွက် နှစ်စဉ်စီးပွားရေး တိုးတက်မှုရည်မှန်းချက်ကို ၈ ရာခိုင်နှုန်း အထက်ရောက်ရှိရန် သတ်မှတ်ခဲ့ပါသည်။ စတုတ္ထသုံးလပတ်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၈.၄၆

ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး၊ စတုတ္ထသုံးလပတ်ကာလတွင် ၈.၂၅ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားလာကာ တစ်နှစ်တာအတွင်း အကောင်းဆုံး သုံးလပတ်တိုးတက်မှုနှုန်းကို စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

Source: https://www.businesstimes.com.sg/international/asean/vietnams-annual-growth-reaches-8-trade-surplus-us-hits-record-despite-tariffs

ဦးဝေယံထွဋ်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ဗင်နီဇွဲလား၏ ရေနံစိမ်းရောင်းချမှုကို အချိန်အကန့်အသတ်မရှိ ထိန်းချုပ်ရန် အမေရိကန်ပြည်ထောင်စု စီစဉ်နေ




ကမ္ဘာ့အကြီးဆုံး ရေနံသိုက်များမှ တစ်ခု ဟုဆိုကြသော ဗင်နီဇွဲလားနိုင်ငံ၌ ထုတ်လုပ်သည့် ရေနံစိမ်းများ ရောင်းချမှုကို အချိန် အကန့်အသတ်မရှိ ထိန်းချုပ်သွားမည်ဟု သမ္မတ Donald Trump ၏ အမေရိကန်အစိုးရက ပြောကြားခဲ့ပါသည်။ Trump အစိုးရက ဗင်နီဇွဲလား၏ နိုင်ငံအုပ်ချုပ်မှုနှင့် ရေနံစိမ်းရောင်းချမှုဆိုင်ရာ စီမံခန့်ခွဲမှုများတွင် ပါဝင်လုပ်ဆောင်မည် ဟု အတိအလင်း ပြောကြားခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုက စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးတစ်ခုတွင် ဗင်နီဇွဲလား သမ္မတ Nicolas Maduro ကို ဖမ်းဆီးပြီးနောက် ယခုကဲ့သို့ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

Florida တွင် ကျင်းပခဲ့သောပွဲတစ်ခု၌ အမေရိကန်စွမ်းအင်ဝန်ကြီး Chris Wright က အမေရိကန် ပြည်ထောင်စုအနေဖြင့် “**အရန်အဖြစ် သိုလှောင်ထားသည့်ရေနံ**”ကို ပထမဦးစွာရောင်းချမည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းက အမေရိကန်

ပြည်ထောင်စုသည် **"ဗင်နီဇွဲလားမှထုတ်ကုန်များကို ဈေးကွက်ထဲတွင် အချိန်အကန့်အသတ်မရှိ ရောင်းချမည့်"** ဟု ဖြည့်စွက် ပြောကြားခဲ့ပါသည်။

ဒဏ်ခတ်ပိတ်ဆို့ထားခဲ့သော ဗင်နီဇွဲလားရေနံစိမ်းများကို အမေရိကန်အစိုးရက ဈေးကွက်တင်ရန်လုပ်ဆောင်နေကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ Karoline Leavitt က ပြောကြားခဲ့ပါသည်။

ရောင်းချမှုမှရသောငွေများကို **"အမေရိကန်ပြည်ထောင်စုမှ ထိန်းချုပ်ထားသော"** ဘဏ်စာရင်းများ၌ ပထမဆုံး ထည့်သွင်းသွားမည်ဟု ၎င်းက ပြောကြားခဲ့ပါသည်။ ထို့နောက် ရန်ပုံငွေများကို **"အမေရိကန်ပြည်သူများနှင့် ဗင်နီဇွဲလားပြည်သူများ၏ အကျိုးဖြစ်ထွန်းစေရန်အတွက် ခွဲဝေပေးသွားမည်"** ဟု ၎င်းက ပြောကြားခဲ့ပါသည်။ ထို့ပြင် အိမ်ဖြူတော်တွင် မစ္စတာ Trump က အမေရိကန်ရေနံကုမ္ပဏီများ၏ အမှုဆောင်အရာရှိများနှင့် တွေ့ဆုံမည်ဟုလည်း ထုတ်ဖော် ပြောကြားခဲ့ပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20260108_08/

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အီရန်နိုင်ငံနှင့် စီးပွားရေးလုပ်ဆောင်နေသည့် နိုင်ငံအားလုံးမှ ကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်သွားမည်ဖြစ်ကြောင်း သမ္မတထရမ့်ပြောကြားခဲ့

အီရန်နိုင်ငံအတွင်း နိုင်ငံတစ်ဝှမ်း ဆန္ဒပြပွဲများ ဖြစ်ပွားနေချိန်တွင် ထရမ့်အစိုးရမှ အီရန်အစိုးရအပေါ် ဖိအားပေးလျက်ရှိရာ အီရန်နိုင်ငံနှင့် စီးပွားရေးလုပ်ဆောင်နေသည့် နိုင်ငံအားလုံးမှ ကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ် သွားမည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့ပါသည်။

သမ္မတထရမ့်က အဆိုပါ အခွန်နှုန်းထားအသစ်များသည် အမေရိကန်ပြည်ထောင်စုနှင့် စီးပွားရေးလုပ်ဆောင်နေသည့် မည်သည့်လုပ်ငန်းကို မဆိုသက်ရောက်မှုရှိမည်ဖြစ်ပြီး အဆိုပါ အခွန်စည်းကြပ်မှုများသည် ချက်ချင်းအာဏာ



သက်ရောက်မည်ဖြစ်ကြောင်း လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားခဲ့ပါသည်။ အခွန်နှုန်းထား အသစ်များကို ရင်ဆိုင်ရမည့်နိုင်ငံများကို ရှင်းလင်းစွာ မသိရှိရသေးသော်လည်း အီရန်သည်အမေရိကန်၏ အကြီးဆုံးကုန်သွယ်ဖက် နိုင်ငံတစ်ခုဖြစ်သော တရုတ်နိုင်ငံ၊ အမေရိကန်၏ ပင်လယ်ကွေ့ဒေသ မဟာမိတ်နိုင်ငံဖြစ်သော အာရပ် စော်ဘွားများ ပြည်ထောင်စု (UAE)တို့နှင့် ဒေါ်လာဘီလီယံများစွာ တန်ဖိုးရှိသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွက် အီရန်နိုင်ငံ၏ ပို့ကုန်ပစ္စည်းများကို ကမ္ဘာပေါ်၌ အများဆုံး ဝယ်ယူ သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၂.၄ ဘီလီယံတန်ဖိုးရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် အမေရိကန်၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ပါသည်။ အီရန်၏ ရေနံလုပ်ငန်းကို ထိန်းချုပ်နိုင်ရန် အမေရိကန်က တင်းကျပ်သော ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားသော်လည်း တရုတ်နိုင်ငံသည် အီရန်နိုင်ငံမှ ရေနံများကို လျှို့ဝှက်တင်သွင်းနေကြောင်း ပြီးခဲ့သည့်နှစ်မှ စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ပေါ်ပေါက်ခဲ့ပါသည်။

UAE သည်လည်း ၂၀၂၂ ခုနှစ်အတွင်း အီရန်နိုင်ငံသို့ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၈ ဘီလီယံခန့် တင်သွင်းခဲ့ပါသည်။ UAE သည် ဒေသတွင်းရှိ အမေရိကန်နိုင်ငံ၏ အဓိကလုံခြုံရေးမဟာမိတ်နိုင်ငံတစ်ခုဖြစ်ပါသည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကြောင့် နှစ်ပေါင်းများစွာ ပြင်းထန်သော ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်းခံထားရ၍ အီရန်နှင့် အမေရိကန်အကြား ကုန်သွယ်မှုပမာဏမှာ အလွန်နည်းပါးလျက်ရှိသော်လည်း အီရန်နှင့် စီးပွားရေးလုပ်ဆောင်နေသည့် နိုင်ငံများအပေါ် အခွန်စည်းကြပ်မှုများ ချမှတ်ခြင်းမှာ အီရန်နိုင်ငံကို ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းမှ ဖယ်ရှားရန် ကြိုးပမ်းမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အီရန်နိုင်ငံတွင် စီးပွားရေး အကျပ်အတည်းများကြောင့် နှစ်များစွာအတွင်း အကြီးမားဆုံး ဆန္ဒပြပွဲများ ပေါ်ပေါက်နေချိန်တွင် ယခုကဲ့သို့ အခွန်နှုန်းထား အသစ်များ ချမှတ်လိုက်ခြင်းဖြစ်ပါသည်။ အီရန်အစိုးရအနေဖြင့် ဆန္ဒပြသူများကို

ကြမ်းတမ်းစွာ နှိမ်နင်းမှုများ ပြုလုပ်လာပါက ကြားဝင်ဆောင်ရွက်မည်ဟု သမ္မတထရမ့်က ကတိပြုထားပါသည်။ အီရန်နိုင်ငံအတွင်း စစ်ရေးအရ တိုက်ခိုက်မှုများ ပြုလုပ်နိုင်မည့် ရွေးချယ်စရာ နည်းလမ်းများကိုပါ သမ္မတထရမ့်ထံ အစီရင်ခံတင်ပြထားသည်ဟု အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ သမ္မတထရမ့်ကမူ အမေရိကန်စစ်တပ်အနေဖြင့် အခြေအနေများအပေါ် စောင့်ကြည့်လျက်ရှိပြီး ပြင်းထန်သော ရွေးချယ်မှုအချို့ကိုလည်း စဉ်းစားလျက်ရှိကြောင်းနှင့် မကြာမီတွင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.cbsnews.com/news/trump-tariffs-countries-iran

ဒေါ်ဆုရွှန်းလဲ့ခင်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ကနေဒါနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အခွန်များကို လျှော့ချကာ ကုန်သွယ်ရေး ပြန်လည်စတင်



၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကနေဒါဝန်ကြီးချုပ် Mark Carney သည် တရုတ်သမ္မတ Xi Jinping နှင့်တရုတ်နိုင်ငံဘေဂျင်းမြို့ရှိ Great Hall တွင်တွေ့ဆုံခဲ့ပါသည်။ ကနေဒါနှင့် တရုတ်တို့သည် လျှပ်စစ်သုံးယဉ်များနှင့် ဆီထွက်သီးနှံများ (canola) တင်သွင်းမှုအပေါ် အခွန်လျှော့ချမည့် ကနဦးကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ Mark Carneyသည် မဟာဗျူဟာမြောက် ဆက်ဆံရေးအသစ်ကို တည်ဆောက်ရာတွင် ကုန်သွယ်ရေးအတားအဆီးဟူသမျှကို ဖယ်ရှားမည်ဟု ကတိပြုခဲ့ကြသည်။

ကနေဒါနိုင်ငံသို့ တရုတ်နိုင်ငံ၏ လျှပ်စစ်ယာဉ်အစီးရေ ၄၉,၀၀၀ အား

စည်းကြပ်ခွန် ၆.၁% ဖြင့် စတင်ခွင့်ပြု မည်ဟု ပြောကြားခဲ့သည်။၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ ကနေဒါနိုင်ငံသို့ လျှပ်စစ်သုံးယာဉ် ၄၁,၆၇၈ စီး တင်ပို့ခဲ့သည်။ ထိုသို့တင်ပို့မှုနှင့် ပတ်သက်၍ ၂၀၂၄ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ချမှတ်ခဲ့သော အခွန်အရေး ယူမှုအားလိုက်နာပြီး၊ ကနေဒါနိုင်ငံမှ ယခင်ဝန်ကြီးချုပ် ဂျတ်စတင်ထရူးဒိုးအစိုးရက တရုတ်နိုင်ငံထုတ် လျှပ်စစ်ယာဉ်များအပေါ် ၁၀၀% အခွန်ချမှတ်ခဲ့သည်။

ကနေဒါဝန်ကြီးချုပ်ဟောင်းသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သူများသည် တရုတ်အစိုးရ ထောက်ပံ့မှုများကြောင့် တစ်ကမ္ဘာလုံးတွင် ဈေးကွက်မမျှတမှုများ ရှိနေပြီး ကနေဒါနိုင်ငံအတွင်းရှိ ပြည်တွင်းစက်မှုလုပ်ငန်းများကို အန္တရာယ်ဖြစ်စေသည်ဟု အခွန်ချမှတ်မှုနှင့်ပတ်သက်၍ တရားဝင်ဖြေရှင်းခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လျှပ်စစ်သုံးယာဉ် (EV) ကဏ္ဍကို တည်ထောင်နိုင်ဖို့အတွက် မိတ်ဖက်နိုင်ငံများထံမှ နည်းပညာရယူရမည်ဖြစ်ပြီး ပြည်တွင်းဝယ်လိုအားကိုလည်း တိုးမြှင့်ရပါလိမ့်မည်ဟု ကနေဒါဝန်ကြီးချုပ်ကပြောကြားခဲ့ပါသည်။ စွမ်းအင်သိုလှောင်မှုနှင့် ထုတ်လုပ်မှုကဏ္ဍများအား တရုတ်နိုင်ငံနှင့် ပိုမိုခိုင်မာသော မိတ်ဖက်ဆက်ဆံရေးတစ်ရပ် တည်ဆောက်နိုင်ခြင်းကိုပြသခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များကို တိုးချဲ့နိုင်လိမ့်မည်ဟုလည်း ပြောကြားခဲ့သည်။

လျှပ်စစ်သုံးယာဉ် (EV) ဆိုင်ရာ သဘောတူညီချက်ကြောင့် တရုတ်နိုင်ငံဘက်မှမိမိတို့နိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်းကဏ္ဍသို့ ရင်းနှီးမြှုပ်နှံမှုအများအပြား ဝင်ရောက်လာမယ်လို့ မျှော်လင့်ထားသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံမှု များကြောင့် မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်ကောင်းများ ဖန်တီးပေးနိုင်ပြီး၊ ကာဗွန်ထုတ်လွှတ်မှု မရှိသော (net zero) အနာဂတ်ကို ရောက်ရှိနိုင်ဖို့လည်း မျှော်လင့်ပါတယ်လို့ဆိုခဲ့ပါသည်။

တရုတ်နိုင်ငံသည် ကနေဒါဝန်ကြီးချုပ်ဟောင်း၏ အခွန်စည်းကြပ်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ကနေဒါ လယ်ယာနှင့် အစားအသောက်ထုတ်ကုန်များအပေါ် ကန်ဒေါ်လာ ၂.၆ ဘီလီယံကျော်ကို အခွန်စည်းကြပ်ခဲ့သည်။ ဆီထွက်သီးနှံမျိုးစေ့များအပေါ်လည်းအခွန်ကောက်ခံခဲ့သည်။

ထိုသို့အခွန်စည်းကြပ်မှု ကြောင့် ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ကနေဒါကုန်စည်များ တင်သွင်းမှု ၁၀.၄% ထိ လျော့နည်းသွားခဲ့သည်။

ကနေဒါနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံကြား စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲအား ပြန်လည်စတင်ပြီးနှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်၊ စိုက်ပျိုးရေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် အစိမ်းရောင်စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန် ကတိပြုခဲ့ကြသည်။

ထို့နောက်ကနေဒါနိုင်ငံဝန်ကြီးချုပ်သည် လာမည့် ၁၅ နှစ်အတွင်းကြိုးမဲ့ကွန်ရက်ကို တိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သောကြောင့် အခွင့်အလမ်းကောင်းများ ရှိကြောင်းလည်း ထပ်မံပြောကြားခဲ့သည်။

၂၀၃၀ ပြည့်နှစ်မတိုင်မီ ကနေဒါနိုင်ငံသည် အာရှဈေးကွက်သို့ LNG တင်ပို့မှုကို တိုးချဲ့နေပြီး တစ်နှစ်လျှင် LNG တန်ချိန် သန်း ၅၀ ခန့်ထုတ်လုပ်တင်ပို့နိုင်မည်ဟု ၎င်းက ပြောကြားခဲ့သည်။ **“ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ကုန်သွယ်မှုဆက်ဆံရေးမှာ လက်ရှိအချိန်တွင် ရှုပ်ထွေးမှုများရှိနေသဖြင့် ကနေဒါအစိုးရ သည် တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်လိုခြင်းမှာ အံ့အားသင့်စရာမရှိပါ”** ဟု Trivium China ၏ Even Rogers Pay က ပြောကြားခဲ့သည်။

**“တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုများလွန်ခဲ့တဲ့လများအတွင်း ကျွန်တော်တို့ ဆက်ဆံရေးက ဘယ်လိုတိုးတက် လာသလဲဆိုရင်၊ ယခုအချိန်မှာ ပိုမိုခန့်မှန်းနိုင်ပြီး၊ အဲဒီဆက်ဆံရေးကနေ ရလဒ်တွေထွက်လာတာကို တွေ့ရတယ်”** လို့ ကာနီက ပြောခဲ့သည်။ အမေရိကန်နိုင်ငံထက် တရုတ်နိုင်ငံသည် ပိုမိုယုံကြည်စိတ်ချရသည့် မိတ်ဖက်နိုင်ငံ ဖြစ်လာနိုင်ပါသည်ဟု ကနေဒါဝန်ကြီးချုပ်က ဆိုခဲ့ပါသည်။

Source: The Thomson Reuters Trust Principles.

ဒေါ်ထက်ထက်ဝင်း

အငယ်တန်းစာရေး

e- Government ဌာနခွဲ

ပြည်ထောင်စုဝန်ကြီးရုံး

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm